# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 3, 2020 Volume 32, Number 3


**၃.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၂ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၂၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၄/- ကျပ် |
| CBM Rate | = ၁၃၉၈.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၀.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၄.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၂၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## အော်ဂဲနစ်စနစ်ဖြင့် နာနတ်စိုက်ပျိုးသူများ ဈေးကောင်းရရှိနေ



နာနတ်ပင်ကို အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သူများ နာနတ်သီးတင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း သိရသည်။ နာနတ်သီးဈေးကွက်ကတော့ လတ်တလောမှာ ဈေးမဆိုးပါဘူး။ အော်ဂဲနစ်နာနတ်က ပုံမှန်နာနတ်သီးထက် ဈေးနှုန်းပိုရရှိနေပါတယ်ဟု မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ ဆင်လမ်းကျေးရွာမှ အော်ဂဲနစ်နာနတ်စိုက်ပျိုးသူ ဦးထွန်းထွန်းညွန့်ကပြောသည်။

လက်ရှိဈေးကွက်တွင် ပုံမှန်နည်းစနစ်ဖြင့် စိုက်ပျိုးထွက်ရှိသည့် နာနတ်သီးတစ်လုံးလျှင် အနိမ့်ဆုံးဈေး (၁၀၀) ကျပ်မှ အမြင့်ဆုံးဈေး (၂၅၀) ကျပ် ဈေးရရှိနေပြီး၊ အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် နာနတ်သီးတစ်လုံးလျှင် အနိမ့်ဆုံးဈေး (၄၀၀) ကျပ်မှ (၁၀၀၀) ကျပ် အထိ ဈေးရရှိနေသည်။ သာမာန်ရိုးကျတောင်သူကတော့ ပိုးသတ်ဆေး၊ ဓာတုမြေဆီတွေသုံးတာပေါ့။ အော်ဂဲနစ်စနစ်နဲ့စိုက်တဲ့တောင်သူကျတော့ စိုက်ပျိုးထုတ်လုပ်တဲ့ ဖြစ်စဉ်တလျှောက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စားသုံးသူဘေးကင်းစေရေးတွေကို အဓိကထားစိုက်ပျိုးကြတယ်။ အစစအရာရာ ပိုပြီး ဂရုစိုက်ရတာပေါ့ဟု ဦးထွန်းထွန်းညွန့်က ဆက်လက်ပြောသည်။

နာနတ်ပင်ကို မေလတွင်စိုက်ပျိုးလေ့ရှိပြီး၊ စိုက်ပျိုးပြီး လပေါင်း (၃၀) အကြာတွင် ဈေးကွက်တင်ပို့ရောင်းချနိုင်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/ get_high_price_of_organic_pineapple

## ယွမ်ငွေတန်ဖိုးလျော့ချမှုကြောင့် မြန်မာပို့ကုန်သမားများ အခက်တွေ့

COVID-19 ကာလ တွင် တရုတ်အစိုးရက ယွမ်ငွေတန်ဖိုးလျှော့ချသဖြင့် ပို့ကုန်လုပ်ငန်းရှင်များ အခက်ကြုံရသည်ဟု မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ မေလအတွင်းက တရုတ်ငွေ တစ်ယွမ်လျှင် ၁၉၆ ကျပ်မှ ဇွန် လဆန်းတွင် ၁၉၂ ကျပ်သို့ ကျဆင်းသည်။ ယွမ်ငွေဖြင့်သာ အဓိက အရောင်းအဝယ်ပြုလုပ်သော မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာငွေတန်ဖိုး မြင့်တက်ပြီး ယွမ်ငွေတန်ဖိုးလျော့ကျခြင်းကို ကုန်သည်များက မလိုလားပေ။

"ကုန်ပို့ပြီး ငွေပြန်ရချိန်မှာ တန်ဖိုးလျော့တော့ နာတာပေါ့" ဟု မူဆယ် ဆန်ကုန်စည်ဒိုင်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ ထို့အတူ တရုတ်နိုင်ငံမှ လူသုံးကုန်နှင့်မော်တော်ယာဉ် အပိုပစ္စည်း အချို့တင်သွင်းနေသည့် လုပ်ငန်းရှင်တစ်ဦးကလည်း ရေရှည် ဆိုလျှင် သွင်းကုန်သမားအတွက် အကျိုးရှိသည်ဟုဆိုသည်။ တရုတ်အစိုးရက အမေရိ ကန်ဒေါ်လာနှင့်လဲလှယ်သည့် ယွမ်ငွေ တန်ဖိုးကို တစ်ဒေါ်လာ လျှင် ၇ ဒသမ ၁ ယွမ် ဝန်းကျင်မှ ၇ ဒသမ ၁၇ ယွမ်သို့ ပြောင်းလဲလိုက်သည်။ ဒေါ်လာဖြင့်လဲလှယ် ရာတွင် ယွမ်ငွေတန်ဖိုးလျော့ခြင်းက ပို့ကုန်အတွက် တရုတ်အစိုးရက ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ တရုတ် နိုင်ငံသို့ ကုန်စည်တင်ပို့နေသည့် နိုင်ငံများအတွက် ယွမ်ငွေတန်ဖိုးကျခြင်းက ပို့ကုန်ဝင်ငွေလျော့နည်းစေကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးတွင် မြန်မာနိုင်ငံဘက်မှ ပို့ကုန်ပမာဏကများပြီး တရုတ် နိုင်ငံမှ သွင်းကုန်ပမာဏက လျော့နည်းသည်။ ယခုဘဏ္ဍာနှစ် စီးပွားကူးသန်းဝန်ကြီးဌာန စာရင်းများအရ မြန်မာမှတရုတ်နိုင်ငံကို ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်တင်ပို့ထားပြီး တရုတ်မှ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော် တင်သွင်းထားသည်။

**Source:** https://7day.news/detail?id=187801

## ဟိုတယ်၊ စားသောက်ဆိုင်များမှ မှာယူမှုနည်းသဖြင့် ဥစားကြက်ခြံတချို့ အရှုံးပေါ်



Covid-19 ဖြစ်စဉ်နောက်ပိုင်း ဟိုတယ်နှင့် စားသောက်ဆိုင်ဈေးကွက်များ လူဝင်လူထွက် အရောင်းအဝယ် နည်းပါးလာခြင်းကြောင့် ဥစားကြက်ခြံများထံမှ ကြက်ဥမှာယူမှုနှုန်းလည်း အဆမတန်ကျဆင်းသွားကြောင်းသိရသည်။ ပြည်သူတွေက ပိုက်ဆံကပြတ်၊ ဈေးဆိုင်တော်တော်များများကမထွက်၊ အရင်လိုရောင်းမကောင်းဘူး။ အရင်ကဆို စားသုံးသူအင်အားနဲ့ ကွက်တိလောက်ရှိတယ်။ အခုက ရောင်းလိုအားများပြီး၊ ဝယ်လိုအားနည်းနေတယ်။ တရုတ်၊ အိန္ဒိယတို့ကလည်း ပိတ်ထားတယ်။ ဥစားကြက် ဈေးကွက်ကျဆင်းနေတယ်။ အဓိကက ကိုဗစ်ကြောင့်ပေါ့။ ဟိုတယ် စားသောက်ဆိုင်တွေကို ပို့ရတဲ့အရေအတွက်နည်းသွားတယ်လေဟု စစ်ကိုင်းတိုင်း၊ တမူးခရိုင်၊ ခါမ်းပါတ်မြို့နယ်၊ ကျွန်းတောရေရှင်ကျေးရွာမှ ဥစားကြက်မွေးမြူသူ ဦးသန်းမြင့်ကပြောသည်။

လက်လီရောင်းချသူများ အရောင်းသွက်သော်လည်း ဟိုတယ်၊ စားသောက်ဆိုများသို့ အဓိကတင်ပို့ရောင်းချသည့် ဥစားကြက်မွေးမြူသူများမှာမူ ရိုက်ခတ်မှုခံစားနေရခြင်းဖြစ်သည်။ အော်ဂဲနစ်ကြက်ဥကိုတော့ အကုန်အကျများပြီး သိပ်မကိုက်လို့ ဖြုတ်လိုက်ပြီ။ အခု ရိုးရိုးဥစားကြက်တော့ ဆက်မွေးနေပါတယ်။ ကြက်ကောင်ရေကတော့ ကောင်ရေ ၅၀၀၀ လောက်ကျန်ပါသေးတယ်။ ကြက်ဥတစ်လုံးကို ၈၀ ကျပ်၊ ၉၀ ကျပ်ဈေးနှုန်းသာရတော့ အစာဖိုးရအောင် မနည်းကြိုးစားနေရတယ်ဟု ဦးသန်းမြင့်က ဆက်လက်ပြောသည်။ ၂၀၂၀ ခုနှစ်၊ မေလ ၃၁ ရက်အထိ ဈေးနှုန်းများအနေဖြင့် ကြက်ဥ ဥကြီးတစ်လုံးလျှင် ၈၉ ကျပ်၊ ပုံမှန်တစ်လုံးလျှင် ၇၇ ကျပ်၊ ဥလတ်တစ်လုံးလျှင် ၆၅ ကျပ်၊ ဥကွဲတစ်လုံးလျှင် ၅၀ ကျပ်ဖြင့် ရောင်းဝယ်ဖောက်ကား နေကြောင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

**Source:** https://greenwaymyanmar.com/posts/farmer_faced_loss_of_demand_chicken_egg

## COVID-19 ကြောင့် တရုတ်သို့ ပို့ကုန်တင်ပို့မှု ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက်လျော့နည်း

ယခုဘဏ္ဍာနှစ် ရှစ်လခွဲအတွင်း တရုတ်နိုင်ငံသို့ မြန်မာပို့ကုန်တင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကျော် လျော့နည်းသည်။ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးသည် နှစ်စဉ်တိုးတက်ခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် COVID-19 ရောဂါကြောင့် ကုန်သွယ်မှုလျော့နည်းခြင်းဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ "နယ်စပ်ကုန်သွယ်ရေးတွေကလုပ်နေပေမယ့် ကျန်းမာရေးစစ်ဆေးမှု အခက်အခဲတွေရှိနေတယ်"ဟု ဦးခင်မောင်လွင်ကပြောသည်။

မူဆယ်နယ်စပ်တွင် လက်ရှိကြုံနေရသည့် ကုန်တင်ယာဉ်များပိတ်နေပြီး တရုတ်သို့ ကုန်စည်ပို့ဆောင်ရေးခက်ခဲမှုကို ဖြေရှင်းရန် နှစ်နိုင်ငံဆွေးနွေးထားသည်ဟု ၎င်းကပြောသည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း လေးခု ဖြစ်သော မူဆယ်၊ ချင်းရွှေ ဟော်၊ ကန်ပိုက်တီနှင့် လွယ်ဂျယ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ယခုဘဏ္ဍာနှစ် ရှစ်လခွဲအတွင်း မြန်မာနိုင်ငံမှ ကုန်စည် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ တင်ပို့ထားသည်။ ၎င်းနယ်စပ် ကုန် သွယ်ရေးလမ်းကြောင်းဖြင့် တရုတ်မှ ကုန်စည် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံဖိုး တင်သွင်းထား ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မေလ ၁၅ ရက် စာရင်းများတွင် ဖော်ပြထားသည်။

တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် လာအိုနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ၁၈ခုကို မြန်မာနိုင်ငံက အကောင်အထည်ဖော်ထားသည်။ ယခုဘဏ္ဍာနှစ် ရှစ်လခွဲတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ကုန်သွယ်မှုပမာဏ ဒေါ်လာခုနစ်ဘီလီယံကျော်သည်။ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်း ဒေါ်လာ ၂၄ ဘီလီယံကျော်ရှိခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုက ၃၀ ရာခိုင်နှုန်းခန့်ပါဝင်နေသည်။

ကမ္ဘာ့ကပ်ရောဂါကြောင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး လျော့နည်းသော်လည်း ထိုင်းနှင့်နယ်စပ်ကုန်သွယ်ရေး တိုးတက်နေသည်။ မြန်မာပို့ကုန်များ အများဆုံးတင်ပို့နေသည့် မြန်မာ၊ ထိုင်းနယ်စပ်ကုန်သွယ်ရေး၏ အဓိကလမ်းကြောင်းဖြစ်သော မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ပို့ကုန်ပမာဏသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၁၇၄ သန်း တိုးတက်လာသည်။ ယခုဘဏ္ဍာနှစ် ရှစ်လခွဲအတွင်း မြဝတီနယ်စပ်မှ ပို့ကုန်ပမာဏ ၂၅၈ သန်း တင်ပို့ထားသည်။

**Source:** https://7day.news/detail?id=187799

## ကိုဗစ်-၁၉ ဖြစ်ပွားခဲ့မှုကြောင့် ဖရဲစိုက်တောင်သူများအတွက် ကျပ်သိန်းပေါင်း ၁၈၂၀၀ ခန့်ဆုံးရှုံးမှုဖြစ်စေခဲ့

ကိုဗစ်-၁၉ ဖြစ်ပွားခဲ့မှုကြောင့် တရုတ်နိုင်ငံသို့ ဖရဲသီးတန်ချိန် ၁၈၀,၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ သုံးသန်းနီးပါး တင်ပို့မှုလျော့ကျခဲ့ရသဖြင့် ပွဲရုံနှင့်တောင်သူများ အရှုံးပေါ်ခဲ့ရကြောင်းသိရသည်။ ထိုသို့တင်ပို့မှုလျော့ကျခဲ့ခြင်းသည် ဖရဲစိုက် တောင်သူများအတွက် ကျပ်သိန်းပေါင်း ၁၈၂၀၀ ခန့် ဆုံးရှုံးမှုဖြစ်စေခဲ့ကြောင်းတွေ့ရှိရသည်။ ဖရဲတင်ပို့သည့် ခုနစ်လတာ ကာလတူအတွင်း ယခုနှစ်တွင် တန်ချိန် ၁၈၀,၀၀၀ ကျော်လျော့နည်းခဲ့သော်လည်း အသီးတစ်တန်ချင်းဈေးနှုန်းမှာ မြင့်တက်ခဲ့ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက မြန်မာတောင်သူကြီးများဂျာနယ်ကို ပြောကြားခဲ့သည်။ "မနှစ်ကထက် ပျမ်းမျှတစ်တန်ဈေးနှုန်းကတော့ ဖရဲ၊ သခွားက ဈေးပိုရပါတယ်။အရည်အသွေးမကောင်းရင် လုံးဝပို့မရတာ တွေ့ရတယ်။ ကောင်းတာတွေချည့် ရွေးဝယ်သွားတယ်။ ဈေးကိုလည်း သင့်အောင်ရရှိတယ်။ တစ်တန်ကို ပျမ်းမျှ ၈၈ ဒေါ်လာ လောက်ရတယ်။ အရင်နှစ်က ၈၄ ဒေါ်လာပဲ ရခဲ့တာပါ။ ဒါကတော့ ဘဏ္ဍာနှစ်အသစ် အောက်တိုဘာနေမေလအထိ ဖရဲရာသီ ခုနစ်လပေါင်း တွက်ထားတာပါ" ဟု ၎င်းကပြောသည်။

ကိုဗစ်-၁၉ တရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားသည့် ကာလမှ မေလလယ်အထိ ဖရဲသီး ၃၈၂၉၀၄ တန်၊ ဒေါ်လာ ၃၄ ဒသမ ၆ သန်း၊ သခွားမွေး ၁၁၆၉၅၅ တန် ၊ ဒေါ်လာ ၂၃ ဒသမ ၈၅ သန်း၊ သရက်သီး ၁၆၆၃၆ တန်၊ ဒေါ်လာ ၆ ဒသမ ၉၈ သန်း ၊ တစ်သျှူးငှက်ပျော ၄၀၉၇၉၆ တန်၊ ဒေါ်လာ၁၇၀ ဒသမ ၂၅သန်း၊ ငှက်ပျောရိုးရိုး ၅၀၄၄တန်၊ဒေါ်လာသုည ဒသမ ၇၃ သန်း ရရှိခဲ့ ကြောင်းသိရသည်။ ဇန်နဝါရီလဆန်းပိုင်းကတည်းက တရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားခဲ့သော်လည်း တရုတ်နှစ်သစ်ကူးကာလ ပြန်အဖွင့်တွင် နယ်စပ်ကုန်သွယ်မှုကို စတင်ထိခိုက်လာခဲ့ပြီး အသီးဝယ်လိုအားကျဆင်းခဲ့ခြင်း ဖြစ်သည်။ "အဲ့ဒီအချိန်မှာ အသီးကားခဈေးနှုန်းကြီးမြင့်မှုတွေကလည်း တောင်သူတွေကိုအခက်အခဲဖြစ်စေခဲ့တယ်။ နောက်နှစ်သစ်ကူး ဈေးကွက် ပြန်အဖွင့်က တရုတ်အသီးတင်ပို့မှု ရပ်ဆိုင်းသွားတာတွေက တောင်သူတွေ အသီးတန်ချိန်အများအပြား အခင်းထဲနဲ့ ကားပေါ်တွေမှာပျက်စီးခဲ့တယ်ဟု ကန့်ဘလူမြို့နယ်မှ ဖရဲစိုက်တောင်သူ ဦးသစ္စာကပြောသည်။

ကိုဗစ်-၁၉ကြောင့် ဖရဲ၊သခွား တောင်သူများအပါအဝင် ပို့ကုန်သမားများ ထိခိုက်မှုများပြားခဲ့ခြင်းကြောင့် နိုင်ငံတော်မှ ကုန်သွယ်မှုအပေါ်မှရရှိသည့် ဝင်ငွေနှစ်ရာခိုင်နှုန်းအခွန်ကင်းလွတ်ခွင့်ကို ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာ ၃၀ ရက်ထိ ခွင့် ပြုထားကြောင်းလည်း သိရသည်။

**Source: The Farmer Media** https://www.facebook.com/myanmaawba/?ref=page_internal

## ကရင်ပြည်နယ်ရှိ တံတားလေးစင်းတွင် တံတားအသုံးပြုခ ရာခိုင်နှုန်း ၅၀ အထိ ဖြေလျှော့ကောက်ခံ

လမ်းတံတားအသုံးပြုခများ ဖြေလျှော့ကောက်ခံပေးမည့် အစီအစဉ်ထဲတွင် ကရင်ပြည်နယ်ရှိ တံတားလေးစင်းကိုလည်း တံတားအသုံးပြုခကောက်ခံငွေ ရာခိုင်နှုန်း ၅၀ အထိ ဖြေလျှော့ကောက်ခံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ "လတ်တလောဖြစ်ပွားနေတဲ့ COVID-19 ကြောင့်ဖြစ်ပေါ်လာတဲ့ စီးပွားရေးသက်ရောက်မှုအပေါ်မှာ ဖြေလျှော့တဲ့အနေနဲ့ လမ်းဦးစီးဌာနက တာဝန်ယူပြီးတော့မှလုပ်ကိုင်နေတဲ့ လမ်းဦးစီးဌာနပိုင် တံတား ၆၂ စင်းနဲ့ လမ်းဂိတ် ၂၄ ဂိတ်ကို လမ်း၊ တံတားအသုံးပြုခ ဖြေလျှော့ပေးသွားမှာဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွင်းမှာတော့ အေးကိုကုမ္ပဏီကနေ တာဝန်ယူကောက်ခံနေတဲ့ 'သံလွင်'တံတား (ဘားအံ)၊ 'နောင်လုံ' တံတား၊ 'လှိုင်ချောင်း' တံတားနဲ့ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက တာဝန်ယူကောက်ခံတဲ့ 'ဒုံသမိတံတား' စုစုပေါင်းတံတားလေးစင်းကို ဖြေလျှော့ကောက်ခံပေး သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ရွှေသံလွင်နဲ့ အေးကိုကုမ္ပဏီတို့ကို အကြောင်းကြားထားပြီးဖြစ်ပါတယ်" ဟု ဘားအံခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သူလင်းကပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လမ်း၊ တံတားအသုံးပြုခ ကောက်ခံမှုနှုန်းထားများကို ဇွန် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ရာခိုင်နှုန်း ၅၀ ဖြေလျှော့ကောက်ခံပေးမည်ဖြစ်ကြောင်း ကြေညာထားခြင်းဖြစ်သည်။ "ဇွန် ၁ ရက်ကစပြီး လမ်း၊ တံတားအသုံးပြုခ ရာခိုင်နှုန်း ၅၀ ဖြေလျှော့ကောက်ခံသွားဖို့အတွက် ကျွန်တော်တို့ဘက်က လမ်း၊ တံတားအသုံးပြုသူတွေကို အသစ်ဖြေလျှော့ထားတဲ့နှုန်းထားတွေ သိနိုင်စေဖို့အတွက် ဗီနိုင်းဆိုင်းဘုတ်ထောင်ဖို့ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ ကုန်တင်ယာဉ်ကြီး ၂၂ ဘီးကားတွေကို အရင်ကကျပ် ၁၁,၀၀၀ ကောက်ခံရာကနေ အခုဆိုကျပ် ၅,၅၀၀ ပြောင်းလဲကောက်ခံသွားမှာပါ။ အကုန်လုံးကို တစ်ဝက်နှုန်းထားလျှော့ပြီး ကောက်ခံသွားမှာဖြစ်ပါတယ်" ဟု သံလွင်တံတား(ဘားအံ)အသုံးပြုခကောက်ခံရေး တိုးလ်ဂိတ်တာဝန်ခံ ကိုတင်အောင်လင်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/139878.html

## ပြည်ပသို့ သရက်သီး ၇၅ တန် တင်ပို့ရောင်းချထား

လက်ရှိသရက်သီးရာသီကာလအတွင်း ပြည်ပသို့ သရက်သီး ၇၅ တန် တင်ပို့ရောင်းချထားပြီး ဈေးနှုန်းလျော့ကျခြင်းမရှိကြောင်း မြန်မာနိုင်ငံ သရက်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေကဆိုသည်။ " သရက်သီးရောင်းချရမှု အနေအထားကမဆိုးပါဘူး။ လူတိုင်းထင်သလို ဈေးကွက်ပျက်သွားတာမဖြစ်ပါဘူး။ သရက်သီးကို လိုင်းပေါ်ကနေ အိမ်အရောက်ပို့စနစ်နဲ့ရောင်းချကြတာလည်းရှိပါတယ်။ တအားကြီးဆိုးမယ်ထင်တာကနေ ပြန်ကောင်းလာတာပါ။ ပြည်ပပို့တာတွေလည်း သိပ်ပြီးမလျော့ပါဘူး။ " ဟု ၄င်းကဆိုသည်။

လက်ရှိ သရက်သီးရာသီကာလအတွင်း စင်ကာပူ၊ တရုတ်၊မလေးရှား၊အင်ဒိုနီးရှား နိုင်ငံများသို့ သရက်သီးတင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သော်လည်း ကိုဗစ်ရောဂါကူးစက်မှုကြောင့် လေကြောင်းလိုင်းများပိတ်ထားသဖြင့် သရက်သီးတင်ပို့ရန် အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ကြောင်း သရက်သီးပြည်ပတင်ပို့ရောင်းချသူများကဆိုသည်။ ထို့ကြောင့် သင်္ဘောမှ တင်ပို့ရောင်းချသည့် စနစ်ကိုပြောင်းလဲခဲ့ပြီး ပိုမိုအဆင်ပြေကာ သရက်သီးများ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေါ်သန်းသန်းဆွေကဆိုသည်။

တရုတ်နိုင်ငံသို့ သရက်သီး တင်ပို့ရောင်းချရမှုမှာ လျော့နည်းသွားခြင်းမရှိသော်လည်း တရုတ်ငွေဈေးနှုန်းကျဆင်းမှုကြောင့် သရက်စိုက်တောင်သူများ အကျိုးအမြတ်ရရှိမှု နည်းပါးနိုင်ကြောင်း မူဆယ်သစ်သီးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။ "သရက်သီးဈေးကွက်ကတော့ ပုံမှန်လည်ပတ်နေပါတယ်။ သရက်သီးဈေးသိပ်မရဘူးတော့ပြောလို့ရတယ်။ တင်ပို့ရောင်းချရမှုက မနှစ်ကထက်တောင်ပိုနိုင်တယ်။ " ဟု ဦးစိုင်းခင်မောင်ကပြောသည်။ တရုတ်က သရက်သီးတင်ပို့ရောင်းချခွင့်ပိတ်ပင်ထားခြင်းမရှိသည်ကလည်း သရက်စိုက်တောင်သူများအတွက် အဆင်ပြေမှုတစ်ခုဖြစ်ကြောင်း ၄င်းကဆိုသည်။

ပြည်ပဈေးကွက်သာမက ပြည်တွင်းကြိုက်နှစ်သက်မှုပါရရှိထားသည့် စိန်တစ်လုံးသရက်သီးများသည် မေလအစပိုင်းက သရက်သီးတစ်လုံးလျှင် ၈၀၀ ကျပ်အထိ ပေါက်ဈေးရရှိခဲ့သော်လည်း လက်ရှိတွင် သရက်သီးတစ်လုံးလျှင် ၂၅၀ ကျပ်ခန့်သာ ပေါက်ဈေးရှိတော့သည်။ **Source:** https://myanmar.mmtimes.com/news/139858.html

## နာနတ်သီး ရာသီရောက်ချိန်အထိ တရုတ်သို့ တရားဝင်တင်ပို့ခွင့် မရသေးသဖြင့် ဆုံးရှုံးမှုများထပ်ကြုံရနိုင်



နာနတ်သီးရာသီ ပြန်လည်ရောက်ရှိလာချိန်အထိ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်မရရှိသေးသဖြင့် ယခင်နှစ်ကကဲ့သို့ တောင်သူများ ဆုံးရှုံးမှုထပ်မံကြုံတွေ့ရနိုင်ကြောင်းသိရသည်။ တရားဝင်ကုန်သွယ်ရန် နှစ်နိုင်ငံသဘောတူညီထားသည့် သီးနှံစာရင်းတွင် နာနတ်သီးမပါဝင်ဟုဆိုကာ တရုတ်နိုင်ငံက ၂၀၁၉ ခုနှစ်၊ ဇွန်လကတည်းက နာနတ်သီးတင်သွင်းမှုကို ပိတ်ပင်ခဲ့သဖြင့် ယခင်နှစ်က တောင်သူများ ဈေးကွက်ပျောက်ကာ ဆုံးရှုံးခဲ့ရသည်။

ယခုနှစ်တွင်လည်း နာနတ်သီးပေါ်ချိန်ရောက်ပြီ ဖြစ်သော်လည်း တင်ပို့ခွင့်မရသေးသဖြင့် ထပ်မံဆုံးရှုံးနိုင်သည့် အခြေအနေဖြစ်သည်။ တရုတ်နိုင်ငံ အရည်အသွေးကြီးကြပ်ရေးနှင့် သီးနှံကူးစက်ရောဂါထိန်းချုပ်ရေးဗဟိုဌာန၏ ခွင့်ပြုချက်ဖြင့် နှစ်နိုင်ငံသဘောတူညီမှုလက်မှတ်ထိုးပြီး တင်သွင်းခွင့်ပြုထားသည့် သီးနှံရှစ်မျိုးရှိကာ နာနတ်သီးမပါဝင်သေးပေ။ နာနတ်သီးကို တရားဝင်တင်ပို့ခွင့်ရရှိရန် ယခင်နှစ်ကတည်းက ဆောင်ရွက်နေကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့က တရုတ်နိုင်ငံဗဟိုအကောက်ခွန်ဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေကြောင်း၊ ပိုးမွှားအန္တရာယ်ဘေးကင်းလုံခြုံရေးဆိုင်ရာ စိစစ်အကဲဖြတ်မှုအောင်မြင်ပြီးဖြစ်ကြောင်း၊ တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးဌာနက အတည်ပြုချက်ရရှိပြီးမှ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက မြန်မာတောင်သူကြီးများဂျာနယ်ကိုပြောသည်။

"မနှစ်က နာနတ်သီး စတင်ပိတ်သွားကတည်းက နည်းမျိုးစုံနဲ့ အမြန်ဆုံးပြန်တင်ပို့နိုင်အောင် ဝန်ကြီးဦးစီးပြီး ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးသံမှူးတွေလည်း အကြိမ်ကြိမ် သွားရောက်တွေ့ဆုံဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဘက်က တင်ပြရမှာတွေအားလုံးကတော့ တင်ပြပေးထားပြီးပါပြီ။ ပို့ကုန်သီးနှံတစ်ခုဖြစ်လာဖို့ဆိုရင် သူတို့ဘက်ကနေ လာရောက်စစ်ဆေးအတည်ပြုတာတွေလုပ်ဖို့တော့ ကျန်နေပါသေးတယ်။ ကိုဗစ်-၁၉ ကာလဖြစ်နေတော့နှစ်နိုင်ငံတာဝန်ရှိသူတွေ သွားလာမှုမရှိသေးပါဘူး။ အမြန်ဆုံးတင်ပို့နိုင်အောင်တော့ဆောင်ရွက်နေပါတယ်"ဟု ၎င်းကပြောသည်။

ယခုနှစ် နာနတ်သီးရာသီတွင် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်ရနိုင်ရန် မျှော်လင့်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နာနတ်သီးစိုက်ဧက တိုးချဲ့စိုက်ပျိုးလာကြောင်း၊ ယခင်နှစ် နာနတ်သီးတင်ပို့ခွင့်ရရှိစဉ်က ဈေးကောင်းရရှိခဲ့ခြင်းကြောင့် ရှမ်းမြောက်ဒေသတွင် နာနတ်သီးဧက သုံးသောင်းကျော်စိုက်ပျိုးထားကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နာနတ်သီး စိုက်ပျိုးရောင်းချတင်ပို့သူများအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ညွှန့်ကပြောသည်။ "ရှမ်းမြောက်မှာက ပြောင်းဈေးမကောင်းတာနှစ်နှစ်လောက်ရှိပြီဆိုတော့ ဒီနှစ် နာနတ်စိုက်ပျိုးလာကြတယ်။ စိုက်ဧကအသစ်တွေတိုးလာသလို တစ်ဧက အပင်ဝင်ဆံ့အောင်စိုက်စနစ်ပြောင်းလာတော့ ပိုထွက်လာမယ်။ ဇွန်လဒုတိယသီတင်းပတ်ကနေ သီပေါ၊ လားရှိုးဒေသအရင် စထွက်လာမယ်။ လက်ရှိမှာ ရန်ကုန်၊ မန္တလေးဈေးကွက်ကိုနည်းနည်းစီ စပို့နေပြီ။ နာနတ်သီးကို တခြားကုန်ကားတွေ အလုံး ၁၀၀၀၊ ၂၀၀၀ လောက်လေး လမ်းကြုံတင်သလောက်ပဲရှိသေးတယ်။ "ပြည်တွင်းဈေးကတော့ တစ်လုံးကျပ် ၅၀၀၊ ၆၀၀ လောက်ပဲရတယ်။ မနှစ်ကရက် ၂၀ လောက် တရုတ်ကိုပို့လိုက်ရသေးတယ်။ဒီနှစ်တော့ တရုတ်ကဝယ်သံလုံးဝမကြားတော့ဘူး။ ဝယ်ရင်ဒီအချိန်လောက် အသီးခြင်းတွေလာချပေးနေပြီ။ ငွေကြိုပေးတာတွေရှိနေပြီ။ တရုတ်ကို တင်ပို့ခွင့်မရရင်တော့ ပြည်တွင်းဈေးကွက်မှာလည်း ဈေးကောင်းမရနိုင်ဘူး"ဟု ၎င်းကပြောသည်။

နာနတ်သီးစိုက်ပျိုးလျှင် တစ်ဧကကျပ် ၁၅ သိန်းမှ သိန်း ၃၀ အထိ ကုန်ကျမှုရှိပြီး၊ ပွဲရုံများက ယခင်နှစ်များကဲ့သို့ ကြိုတင်ငွေပေးခြင်းမရှိတော့ကြောင်း၊ တရုတ်နိုင်ငံသို့ရာသီချိန်မီ မတင်ပို့နိုင်ပါက ပြီးခဲ့သည့်နှစ်ကထက် ပိုမိုဒုက္ခရောက်လာနိုင်ကြောင်းသီပေါမြို့နယ်ရှိ ရွှေတြိဂံနာနတ်သီးပွဲရုံပိုင်ရှင် ကိုမျိုးကပြောသည်။ "တောင်သူတွေက ဒီနှစ် ပြန်ပို့ခွင့်ရမယ်လို့ မျှော်လင့်ပြီး စိုက်ပျိုးမှုကိုမလျှော့ကြဘူး။ မနှစ်ကဆိုရင် ဒီအချိန်တောင်သူတွေကို ကြိုငွေသိန်း ၆၀၀ ကျော် ချထားပေးပြီးပြီ။ ဒီနှစ်ကြိုငွေနည်းနည်းပါးပါးနီးစပ်ရာ မဖြစ်မနေကူညီမှုပေးတာမျိုးပဲရှိတယ်။ တရားဝင်တင်ပို့ခွင့်ရရင်တော့ဒေသတစ်ခုလုံး

အဆင်ပြေလာမယ်” ဟု ၎င်းကပြောသည်။

**မြန်မာတောင်သူကြီးများဂျာနယ်**

https://www.facebook.com/sitepyo/posts/2652021785082818?__tn__=K-R

## ပိုးမွှားကင်းထောက်ခံချက်မရှိသည့် ဆန်အိတ်တစ်သိန်းကျော်အနက် လေးသောင်းကျော် တရုတ်သို့ပြန်ပို့ပြီးဖြစ်



ပိုးမွှားကင်းကြောင်းထောက်ခံချက်မရှိ၍ တရုတ်တွင်နှစ်လကျော် သောင်တင်နေသည့် ဆန်အိတ် ၁၂၀၀၀၀ ကျော်အား မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်စစ်ဆေး၍ ၄၀၀၀၀ ကျော်ကို တရုတ်သို့ ပြန်လည် တင်ပို့ပြီးဖြစ်ကြောင်း မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်မှသိရသည်။ "အခုမြန်မာဘက်ကိုပြန်သယ်နေတာ ဆန်အိတ် ၁၂၀၀၀၀ က အိတ် ၆၀၀၀၀ ကျော်ပြန်သယ်ပြီးပြီ။ မူဆယ်ကဂိုထောင်မှာချရတယ်။ ပိုးမွှားသန့်စင်တဲ့ အဖွဲ့က လာစစ်ဆေးပြီးတော့ စာရွက်ထုတ်ပေး တယ်။ အခုတရုတ်ပြည် ထဲကို အိတ် ၄၀၀၀၀ ကျော်ပြန်ဝင်နေပြီ" ဟု မူဆယ် ၁၀၅ မိုင် ဆန်စပါး ကုန်စည်ဒိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက မြန်မာတိုင်းမ်ကိုပြောသည်။

ဧပြီလ ၃ ရက်က မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်၊ ကြယ်ဂေါင်မှတစ်ဆင့် ရွှေလီသို့တင်ပို့မည့် ဆန်တန်ချိန် ၅၀၀၀ ကျော်(အိတ်ရေ တစ်သိန်းနှစ်သောင်းကျော်)သည် ရွှေလီအကောက်ခွန် စစ်ဆေးရေးဂိတ်တွင် မြန်မာအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်မပါဝင်သည့်အတွက် ရွှေလီသို့ဝင်ခွင့် မပြုခဲ့ခြင်းဖြစ်သည်။ တရုတ်သို့ ဆန်တင်ပို့ရာတွင် ယခင်ကကဲ့သို့ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၏ ထောက်ခံချက်ဖြင့် မရတော့ဘဲ နေပြည်တော်စိုက်ပျိုးရေးဝန်ကြီးဌာန ထောက်ခံချက်ကိုတရုတ်ဘက်မှ တောင်းဆိုခဲ့သည်။

ထိုသို့ ဖြစ်ပေါ်နေမှုများကို မူဆယ် ၁၀၅ မိုင်ဆန်စပါးကုန်စည်ဒိုင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့တင်ပြခဲ့သည်။ ယင်းဆန်တင်ပို့မှုသည် မြန်မာနှင့် တရုတ် ကုမ္ပဏီများအကြား တရားဝင်ရောင်းဝယ်၍ တင်ပို့ခြင်းဖြစ်ပြီး တရုတ်အစိုးရက တရုတ်ကုမ္ပဏီ ၃၀ ခန့်ကို ဆန်ဝယ်ယူရန် ၂၀၂၀ ပြည့်နှစ်၊ဇန်နဝါရီလတွင် တရားဝင်လိုင်စင်ထုတ်ပေးထားသည်။

**Source:** https://myanmar.mmtimes.com/news/139897.html

## ပြည်ပသို့ သရက်သီး ၇၅ တန် တင်ပို့ရောင်းချထား



လက်ရှိသရက်သီးရာသီကာလအတွင်း ပြည်ပသို့ သရက်သီး ၇၅ တန် တင်ပို့ရောင်းချထားပြီး ဈေးနှုန်းလျော့ကျခြင်းမရှိကြောင်း မြန်မာနိုင်ငံ သရက်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်း ဆွေကဆိုသည်။ " သရက်သီးရောင်းချရမှု အနေအထားက မဆိုးပါဘူး။ လူတိုင်းထင်သလို ဈေးကွက်ပျက်သွားတာမဖြစ်ပါဘူး။ သရက်သီးကို လိုင်းပေါ်ကနေ အိမ်အရောက်ပို့စနစ်နဲ့ရောင်းချကြတာလည်းရှိပါတယ်။ တအားကြီးဆိုးမယ်ထင်တာကနေ ပြန်ကောင်းလာတာပါ။ ပြည်ပပို့တာ တွေလည်း သိပ်ပြီးမလျော့ပါဘူး။ " ဟု ၎င်းကဆိုသည်။

လက်ရှိ သရက်သီးရာသီကာလအတွင်း စင်ကာပူ၊ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ သရက်သီးတင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သော်လည်း ကိုဗစ်ရောဂါကူးစက်မှုကြောင့် လေကြောင်းလိုင်းများပိတ်ထားသဖြင့် သရက်သီးတင်ပို့ရန် အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ကြောင်း သရက်သီးပြည်ပတင်ပို့ ရောင်းချသူများကဆိုသည်။

ထို့ကြောင့် သဘော်ာမှတင်ပို့ရောင်းချသည့် စနစ်ကို ပြောင်းလဲခဲ့ပြီး ပိုမိုအဆင်ပြေကာ သရက်သီးများ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေါ်သန်းသန်းဆွေကဆိုသည်။ တရုတ်နိုင်ငံသို့ သရက်သီး တင်ပို့ရောင်းချရမှုမှာ လျော့နည်းသွားခြင်းမရှိသော်လည်း တရုတ်ငွေဈေးနှုန်းကျဆင်းမှုကြောင့် သရက်စိုက်တောင်သူများ အကျိုးအမြတ်ရရှိမှုနည်းပါးနိုင်ကြောင်း မူဆယ်သစ်သီးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။ "သရက်သီးဈေးကွက်ကတော့ ပုံမှန်လည်ပတ်နေပါတယ်။ သရက်သီးဈေးသိပ်မရဘူးတော့ ပြောလို့ရတယ်။ တင်ပို့ရောင်းချရမှုက မနှစ်ကထက်တောင်ပိုနိုင်တယ်" ဟု ဦးစိုင်းခင်မောင်ကပြောသည်။ တရုတ်က သရက်သီးတင်ပို့ရောင်းချခွင့် ပိတ်ပင်ထားခြင်းမရှိသည်ကလည်း သရက်စိုက်တောင်သူများအတွက် အဆင်ပြေမှုတစ်ခုဖြစ်ကြောင်း ၄င်းကဆိုသည်။

ပြည်ပဈေးကွက်သာမက ပြည်တွင်း ကြိုက်နှစ်သက်မှုပါရရှိထားသည့် စိန်တစ်လုံးသရက်သီးများသည် မေလအစပိုင်းက သရက်သီးတစ်လုံးလျှင် ၈၀၀ ကျပ်အထိ ပေါက်ဈေးရရှိခဲ့သော်လည်း လက်ရှိတွင် သရက်သီးတစ်လုံးလျှင် ၂၅၀ ကျပ်ခန့်သာ ပေါက်ဈေးရှိတော့သည်။

**Source:** https://myanmar.mmtimes.com/news/139858.html

## နိုင်ငံခြားသို့ ဆန်တင်ပို့မှုပိုမြန်ရန် နိုင်ငံတော်အရန်ဆန်ကောက်ခံမှု လုပ်ထုံးလုပ်နည်းဖြေလျော့ပေး



ဆန်ကုမ္ပဏီများ နိုင်ငံခြားသို့ ဆန်တင်ပို့မှု ပိုမိုမြန်ဆန်စေရန် နိုင်ငံတော်အရန်ဆန်ကောက်ခံမှု လုပ်ထုံးလုပ်နည်းများကို ဖြေလျော့ပေးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။ "နောက်ဆုံးညွှန်ကြားချက်အရ ဇွန် ၁ ရက်နေ့က စပြီး အရင်တုန်းက တန် ၁၀၀ ပို့မယ်ဆိုရင် ၁၀ တန်အပ်ရတယ်။ အခုက တန် ၁၀၀ ပို့မယ်ဆိုရင် ၅ တန်အရင်အပ်ရမယ်။ နောက်ထပ် ၅ တန်ကို တန် ၁၀၀ လုံးတင်ပို့မပြီးခင် ၁၀ တန်ပြည့်အောင်ထပ်အပ်ရမယ်။ အဲလို ၅ တန်အရင်အပ်ပြီးရင် တန် ၁၀၀ လိုင်စင်ထုတ်ပေးမယ်။ အရင်က ၁၀ တန်အပြည့်အပ်ပြီးမှ တန် ၁၀၀ လိုင်စင် ထုတ်ပေးတာပါ။ အခုကလုပ်ထုံးလုပ်နည်း ဖြေလျော့ပေးလိုက်တာပါ''ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာဆွေက မြန်မာတိုင်းမ်သို့ပြောသည်။

နိုင်ငံတော်၏ အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းလုပ်ငန်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ MITS နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့က ဧပြီလ ၃၀ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်နေ့အထိ သိုလှောင်ရုံ ၇ ခုတွင် တန်ချိန် ၃၀၀၀၀ ခန့်ကို ပြည်ပ တင်ပို့မည့် ကုမ္ပဏီ ၈၀ ကျော်ထံမှ ဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။ "ပြည်ပတင်ပို့တဲ့နေရာမှာ ပိုပြီးတော့မြန်သွားအောင် ၊ ပိုပြီး လွတ်လွတ်လပ်လပ်ဖြစ်သွားအောင် လုပ်ပေးတာပါ။ နောက်တစ်ခုက ဒီဘက်ကလည်း လက်ခံနေတဲ့နေရာမှာလည်း ပိုပြီးနိုင်နိုင်နင်းနင်းဖြစ်သွားတယ်။ အရင်က ကားအစီးရေအများကြီး စောင့်နေရတာကနေ အခုနိုင်နိုင် နင်းနင်းချပေးနိုင်ပြီ။ ၅ ရာခိုင်နှုန်းပဲ အရင်အပ်ရတာဆိုတော့ လက်ခံတဲ့နေရာမှာလည်းလျော့သွားတယ်။ လုပ်ရကိုင်ရလည်း အဆင်ပြေသွားတယ်'' ဟု ဦးဇေယျာဆွေကပြောသည်။

COVID 19 ရောဂါကြုံတွေ့နေရချိန်တွင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေး၊ ရိက္ခာဖူလုံမှုရှိစေရေးအတွက် နိုင်ငံတော်အရန်ဆန်နှင့် ဆီကို ကျပ် ၃၈ ဘီလျံဖိုး ဝယ်ယူသိုလှောင်နေခြင်းဖြစ်ပြီး ဆန်လုပ်ငန်းရှင်များ ပို့ကုန်လိုင်စင်လျှောက်ထား သည့်အခါ စုစုပေါင်းပမာဏ၏ ၁၀ ရာခိုင်နှုန်းအား ရောင်းချစေသောနည်းလမ်းဖြင့် ဝယ်ယူခြင်းဖြစ်သည်။

ပင်လယ်ရေကြောင်းမှ တင်ပို့သူများမှာ ရန်ကုန်မြို့၌ လည်းကောင်း၊ နယ်စပ်ထွက်ပေါက်များမှ တင်ပို့သူများမှာ မန္တလေးမြို့၌လည်းကောင်း အစိုးရထံ ဆန်ပေးသွင်းရခြင်းဖြစ်ကာ အဆိုပါဆန်တန်ချိန် ၅၀,၀၀၀ (ဧည့်မထဆန် ၂၅ မှတ်) ၊ ကို ဧပြီ ၂၇ ရက်မှ စတင်ဝယ်ယူနေပြီး လိုအပ်သည့်ငွေကြေးကို နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/139844.html

## COVID-19 ကြောင့် တရုတ်ဝယ်လိုအားလျော့၍ စိန်တလုံးသရက်သီး ပြည်တွင်း၌ဈေးပေါ



COVID-19 ကြောင့် မူဆယ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ တရုတ်နိုင်ငံဘက်သို့ ဝယ်လိုအားလျော့နည်းသဖြင့် စိန်တလုံးသရက်တင်ပို့သူများ တွက်ခြေမကိုက်ဖြစ်ရာက ပြည်တွင်းဈေးကွက်သို့ ဈေးပေါပေါဖြင့် ရောင်းချလျက်ရှိကြောင်း သရက်ခြံပိုင်ရှင်အချို့ထံမှသိရသည်။

မန္တလေး စိန်တလုံးသရက်သီး ဈေးကွက်တွင် ယခင်နှစ်များက တစ်လုံးလျှင် ၃၀၀ ကျပ်အနည်းဆုံးရှိခဲ့သော်လည်း ယခုနှစ်တွင် တစ်လုံးလျှင် ၅၀-၁၀၀ ကျပ်ဖြင့် ပုံကျရောင်းသည်အထိ ပြည်တွင်းဈေးကွက်တွင် ပေါများခဲ့သည်။ "ကိုဗစ်ကြောင့် ကန့်သတ်မှုတွေရှိလို့ တရုတ်ဈေးကွက်မှာ ဝယ်လက်ကနည်း၊ အရောင်းအဝယ်က အရင်လို ကိုယ့်ဘက်မှာမဟုတ်ဘဲ တရုတ်ဘက်သွားလုပ်ရတော့ ဝယ်သူဈေးကွက်ဖြစ်ပြီး ဈေးကောင်းမရဘူး။ တွက်ခြေမကိုက်ကြလို့ တရုတ်ကို မပို့ကြတော့ဘဲ ပြည်တွင်းဈေးကွက်မှာရောင်းရတာ။ အကောင်းဘက်က ကြည့်ရင် ပြည်တွင်းမှာ ဒီနှစ်ကဈေးပေါပေါစားရတယ်"ဟု သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

COVID-19 မှာ ကမ္ဘာနှင့်အဝှမ်းဖြစ်ပွားသောကြောင့် တရုတ်တွင်လည်း Stay at Home သတ်မှတ်ချက်များရှိပြီး စားသုံးသူနည်းပါးခြင်းနှင့် ဝယ်လက်ကုန်သည်များ နည်းပါးခြင်းတို့ဖြစ်ခဲ့ကာ တင်ပို့သည့်အချိန်တွင် နယ်စပ်၌ စောင့်ဆိုင်းရသည့် ရက်ကြာသဖြင့် ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ရသည်ဟုဆိုသည်။ "အရင်နှစ်တွေက ပြည်တွင်းမှာ အရွယ်အစားပေါ်မူတည်ပြီးတစ်လုံး ကျပ် ၃၀၀ ကနေ ကျပ် ၆၀၀ လောက်ရှိတယ်။ သရက် စိုက်ပျိုးသူများပြီး အထွက်နှုန်းများလာတာနဲ့ တရုတ်ဈေးကွက်မှာ မဝယ်ဘူး၊ ဝယ်တယ်ဆိုတဲ့ ကာလာဟလတွေကြားရတော့ ဒီမှာပဲ ရတဲ့ဈေးနဲ့ရောင်းကြတယ်။ တရုတ်မပို့တော့ဘူး။ စရိတ်ကြေ အရင်းရရင်ကို ကျေနပ်ရ မှာပါ"ဟု ပလိပ်မှ သရက်ခြံပိုင်ရှင်ကိုမင်းမင်းကပြောသည်။

မန္တလေးတိုင်းတွင်း သရက်ခြံစိုက်ပျိုးမှု ဧကပေါင်း ၃၈၀၀၀ ကျော်ရှိ၍ တရုတ်ဈေးကွက်အတွက် စိန်တလုံးကို အဓိကထား စိုက်ပျိုးကြခြင်းဖြစ်ရာ ယခုနှစ်တွင် ဈေးကွက်မကောင်းသောကြောင့် ခြံရှင်များမှာ အရင်းငွေရရန် နီးစပ်ရာဈေးကွက်သို့ ရောင်းချပြီး ငွေဖော်ရကြောင်း၊ လက်ရှိတွင် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းမှ သရက်ခြံများ၌ စိန်တလုံးသရက်မရှိတော့ဘဲ ဟသ်ာသရက်သီးများ ဈေးကွက်တွင်ရောက်ရှိလာပြီဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139846.html

## ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် ဒေဝါလီခံရသည့် ဂျပန်ကုမ္ပဏီ ၂၀၀ ခန့်ရှိလာပြီဖြစ်

ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှု၏ နောက်ဆက်တွဲ ဂယက်အဖြစ် ဟော့ကိုင်းဒိုးဒေသရှိ ဟင်းသီး ဟင်းရွက်နှင့် အသားများ အသုံးပြု၍ အသားလုံးကြော်ထုတ်လုပ်သည့် Hokkaido Santomiya ကုမ္ပဏီအပါအဝင် ဂျပန်နိုင်ငံတစ်ဝှမ်း၌ ကုမ္ပဏီ ၂၀၀ ကျော် ဒေဝါလီခံခဲ့ရကြောင်းသိရပါသည်။ ဇွန်လပထမအပတ်သတင်းအချက်အလက်များအရ လုပ်ငန်းဆုံးရှုံးသည့် ကုမ္ပဏီပေါင်း ၂၀၂ ခုရှိကြောင်း၊ ဗိုင်းရပ်စ် ပြန့်ပွားမှုကြောင့် အရေးပေါ်အခြေအနေကြေငြာပြီး ပြီးခဲ့သည့် မေလ ၂၅ ရက်နေ့အထိ အစိုးရ၏ အသွားအလာကန့်သတ်ရေးတောင်းဆိုမှုများကြောင့် တည်းခိုနေထိုင်ရေးလုပ်ငန်းမှာ အထိနာဆုံးဖြစ်ပြီး အရေအတွက် ၃၉ ခုရှိကြောင်း သိရပါသည်။

စားသောက်ဆိုင်လုပ်ငန်းများမှာ ဒုတိယဆုံးရှုံးမှုအများဆုံးဖြစ်ပြီး အထည်အလိပ်ရောင်းဝယ်ရေး၊ ကုန်မျိုးစုံရောင်းဝယ်ရေးနှင့် လက်လီအရောင်းကဏ္ဍတို့မှာလည်း သိသိသာသာ ထိခိုက်ခံခဲ့ရပါသည်။ ကိုရိုနာဗိုင်းရပ်စ်နှင့်ဆက်နွယ်သည့် ဒေဝါလီခံရမှုများသည် ဂျပန်နိုင်ငံရှိ စီရင်စုဒေသ ၃၉ ခု တွင် အများဆုံးတွေ့ရပြီး မြို့တော်တိုကျိုတွင် လုပ်ငန်းအရေအတွက် ၄၅ ခုဖြင့် အများဆုံးတွေ့ရပါသည်။ အိုဆာကာတွင် ၁၇ ခု၊ ဟျိုးဂိုးစီရင်စုတွင် ၁၃ ခုနှင့် ရှီဇူအိုကာစီရင်စုတွင် ၁၂ ခု စသည်ဖြင့် အများဆုံးတွေ့ရပါသည်။

**Source: The Japan Times, The Japan News, The Yomiuri Shimbun, The NHK World**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် Personal Protective Equipment (PPE) များအတွက် ပို့ကုန်ခွင့်ပြုချက်ရယူရန် လိုအပ်ချက်အစီအစဉ်ကို အီးယူအဆုံးသတ်

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေချိန်တွင် အီးယူအတွင်း Personal Protective Equipment (PPE) များ လုံလောက်မှုရှိစေရေးအတွက် ယခုနှစ် မတ်လတွင် စတင်ပြဋ္ဌာန်းခဲ့သည့် ပို့ကုန်ခွင့်ပြုချက်အစီအစဉ် (export authorization scheme) ကို ၂၆-၅-၂၀၂၀ နေ့မှစတင်၍ အဆုံး သတ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းအစီအစဉ်ကို ယာယီစီမံဆောင်ရွက်မှုအဖြစ် ထားရှိခဲ့ခြင်းဖြစ်ပြီး၊ ထပ်မံတိုးမြှင့်ရန်အတွက် တောင်းဆိုမှုတစ်စုံတစ်ရာမရှိခဲ့သဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ ပို့ကုန်ခွင့်ပြုမှုလိုအပ်ချက်အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အများပြည်သူ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် ကုန်သွယ်မှုလွတ်လပ်စွာ စီးဆင်းစေခြင်းတို့အကြား ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံမှုများအရ ပို့ကုန်တင်ပို့သူများအနေဖြင့် ယင်းပို့ကုန် ခွင့်ပြုချက်ပေါင်း (၁၃၀၀) ကျော်ကို တောင်းခံခဲ့ကြပြီး၊ လျှောက်ထားမှုအားလုံး၏ (၉၅) ရာခိုင်နှုန်းကို ခွင့်ပြုပေးခဲ့ကြောင်း၊ အလားတူ ၂၆-၄-၂၀၂၀ နေ့မှ စတင်၍ အကာအကွယ်နှာခေါင်းစည်းပေါင်း (၁၃) သန်းကျော်၊ အကာအကွယ်ဝတ်စုံ (protective garments) အရေအတွက် (၁) သန်းဝန်းကျင်နှင့် Protective masks and visors (၃၅၀၀၀၀) ကျော် ကို အီးယူမှတင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

အီးယူအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေချိန်တွင် PPE များ ပြည်တွင်းဖူလုံမှု သေချာစေရေးအတွက် ယင်းသို့ ပို့ကုန်ခွင့်ပြုမှုလိုအပ်ချက်အစီအစဉ်ကို ၁၅-၃-၂၀၂၀ နေ့တွင် စတင် မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး၊ ၂၆-၄-၂၀၂၀ နေ့တွင် ပို့ကုန်ခွင့်ပြုချက်ရယူရန်လိုအပ်သည့် ပစ္စည်းများစာရင်းကိုလျှော့ချ၍ ယင်းအစီအစဉ်ကိုပြင်ဆင်ခဲ့ပါသည်။ အဆိုပါအစီအစဉ်အရ အီးယူအဖွဲ့ဝင်နိုင်ငံများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များအတွက် ပို့ကုန်ခွင့်ပြုချက်ပေးအပ်မှုကို မြန်ဆန်စွာဆောင်ရွက်ပေးရန်လိုအပ်ပြီး၊ ပို့ကုန်ခွင့်ပြုပေးမှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကိုလည်း အဖွဲ့ဝင်နိုင်ငံများမှ ဥရောပ ကော်မရှင်သို့တင်ပြရန် လိုအပ်ကြောင်းသိရှိရပါသည်။

**Source:** https://ec.europa.eu/trade

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## မိုဇမ်ဘစ်နိုင်ငံမှ ပဲများအား နှစ်နိုင်ငံသဘောတူညီချက်ဖြင့် တင်သွင်းရာ၌ အိန္ဒိယအစိုးရက စည်းကမ်းချက်များ သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံအစိုးရသည် အာဖရိကဒေသရှိ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်သည့် မိုဇမ်ဘစ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ပဲမျိုးစုံဝယ်ယူမှုဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်စောင်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၅ နှစ်တာသက်တမ်းရှိသော ၎င်းနားလည်မှုစာချွန်လွှာအရ ပဥ္စမမြောက်နှစ်ဖြစ်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မိုဇမ်ဘစ်နိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံနှင့်အခြားပဲများ စုစုပေါင်း တန်ချိန် ၂ သိန်းကို တင်သွင်းမည်ဖြစ်ပါသည်။

ယခုအခါ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (DGFT) က ၁.၆.၂၀၂၀ နေ့၌ ကုန်သွယ်ရေး အသိပေးချက် No. 13/ 2020-2021 ကို ထုတ်ပြန်ကြေညာခဲ့ရာတွင် မိုဇမ်ဘစ်နိုင်ငံထံမှ အဆိုပါ ပဲစင်းငုံနှင့် အခြားပဲများ တန်ချိန် ၂ သိန်းအား အိန္ဒိယနိုင်ငံသို့ တင်သွင်းရာ၌ အောက်ပါစည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိရန်လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်-

(၁) ပဲများအား Mumbai, Tuticorin, Chennai, Kolkata, Hazira ဆိပ်ကမ်း ၅ ခုမှသာ တင်သွင်းရန်၊

(၂) တင်သွင်းလာမည့် ပဲများ၏ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin – COO) အား မိုဇမ်ဘစ်နိုင်ငံအစိုးရမှ ထုတ်ပေးသည့် တံဆိပ်အမှတ်အသား ခတ်နှိပ်မှုနှင့်အတူ သက်ဆိုင်ရာ မိုဇမ်ဘစ် အာဏာပိုင်အဖွဲ့အစည်းဖြစ်သော ICM ဌာနမှ တာဝန်ရှိသူ၏ လက်မှတ်ရေးထိုးမှု ပါရှိရမည်ဖြစ်ပြီး အထက်ပါ ဆိပ်ကမ်း များရှိ သက်ဆိုင်ရာအကောက်ခွန်ဌာနနှင့် အိန္ဒိယနိုင်ငံအကောက်ခွန်နှင့် သွယ်ဝိုက်အခွန်များ ကြီးကြပ်မှုဗဟိုအဖွဲ့ (CBIC) တို့ထံ မိတ္တူပေးပို့ရန်၊

(၃) ပဲတင်ပို့သည့် မိုဇမ်ဘစ်ပို့ကုန်လုပ်ငန်းရှင်၊ အိန္ဒိယနိုင်ငံဘက်မှ သွင်းကုန်လုပ်ငန်းရှင်နှင့်တင်ပို့သည့် ပဲတန်ချိန် ပမာဏ စသည့်အချက်များနှင့်အတူ အဆိုပါပင်ရင်းနိုင်ငံသက်သေခံလက်မှတ်၏ ခေတ်ပုံမိတ္တူအား မူလ ထုတ်ပေးသည့် မိုဇမ်ဘစ် အာဏာပိုင်အဖွဲ့အစည်းထံမှ အိန္ဒိယပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနထံသို့ သတ်မှတ်ထားသည့် အီးမေးလ်လိပ်စာမှတစ်ဆင့် တိုက်ရိုက်ပေးပို့ရန်၊

(၄) အိန္ဒိယနိုင်ငံရှိ သွင်းကုန်လုပ်ငန်းရှင်အနေဖြင့် ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းစဉ်အတွက် ကန့်ကွက်ရန် မရှိကြောင်းလက်မှတ် (NOC) လျှောက်ထားရာ၌ အထက် အပိုဒ်ခွဲ (ဂ) ပါ လုပ်ငန်းစဉ်ကဲ့သို့ COO ခေတ်ပုံ မိတ္တူအား DGFT သို့ သတ်မှတ်ထားသည့် အီးမေးလ်လိပ်စာမှတစ်ဆင့် ပေးပို့ရန်။

သို့ဖြစ်ရာ အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာအရ မိုဇမ်ဘစ် နိုင်ငံထံမှ ပဲစင်းငုံနှင့် အခြားပဲများ တန်ချိန် ၂ သိန်းအားတင်သွင်းရာ၌ အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်မှတင်ပြသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ခေတ်ပုံမိတ္တူအား သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်အဖွဲ့အစည်းမှ တိုက်ရိုက်ပေးပို့သည့် အလားတူမိတ္တူနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာလျှင် ကန့်ကွက်ရန်မရှိကြောင်းလက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာဆိပ်ကမ်းရှိ အကောက်ခွန်ဌာနသည်လည်း DGFT ၏ ခွင့်ပြုချက်ရရှိမှသာ ဆိပ်ကမ်းရှင်းလင်းမှု လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

Source: Trade Notice No. 13/ 2020-2021 dated 1st Jun 2020 of Directorate General of Foreign Trade, Ministry of Commerce and Industry of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (3.6.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Jun. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 11,000 | 11,000 | 10,500 | 1,007 | 11,065,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,850 | 3,800 | 1,562 | 5,960,600 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 24,000 | +500 | +2.13% | 23,500 | 24,000 | 23,500 | 90 | 2,115,500 | 2,472,053 | 59,329 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 71 | 196,300 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 1,219 | 3,291,300 | 19,977,223 | 53,939 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.32 | +1.96 | +0.44% | 455.47 | 456.60 | 447.05 | 3,950 | 22,636,900 | 6 | 667,076 |

**Index chart**




# Market Overview

As of 1:00 pm, 3rd Jun. 2020

| MYANPIX | 448.32 ▲ 1.96 |
|---|---|
| Total Volume (shares) | 3,950 |
| Total Value (MMK) | 23 mil |
| Listed Company | 6 |
| Market Cap. (MMK) | 667,076 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 24,000 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 0 |